# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၄)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၁ ရက်အထိ)

### သေဆုံးခဲ့သူ အရေအတွက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူအရေအတွက်မှာ ၅၄၃ ဦးထက် မနည်း ရှိလာခဲ့ပြီဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ဧပြီ ၁ ရက်အထိ ပြုစုခဲ့သော မှတ်တမ်းများအရ အချက်အလက်ရရှိသူ ၅၄၃ ဦး ရှိပါသည်။ ယခုကိန်းဂဏန်း၌ ပါဝင်ခြင်းမရှိဘဲ ကျန်နေသူ အမြောက်အမြား ရှိနိုင်ပါသည်။ ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၂၅ ရက်အတွင်း သေဆုံးခဲ့ရသူ ၃၂၀ ကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၃ ကိုရှု)** မှ ယခု ၅၄၃ ကျော် ဖြစ်လာသည့်အတွက် **တပတ်အတွင်း သေဆုံးသူ ၂၂၃ ဦး တိုးလာ**ခဲ့ခြင်းဖြစ်သည်။


## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၃)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၁ ရက်အထိ)

### တရက်တည်း ပြည်သူ ၁၄၀ ကျော် သေဆုံးခဲ့ရ

ယခုတပတ်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ အကြမ်းဖက် ပစ်ခတ်မှုများကြောင့် သေဆုံးခဲ့ရသူ ၂၂၃ ဦးအနက် ၁၄၁ ဦးသည် မတ် ၂၇ ရက် တရက်တည်းမှာပင် သေဆုံးခဲ့ရသူများဖြစ်သည်။ လတ်တလောအချိန်အထိ တရားဝင် အတည်ပြုနိုင်သော အချက်အလက်များအရ မတ် ၂၇ ရက်က သေဆုံးခဲ့ရသည့် အရေအတွက်သည် မတ် ၁၄ ရက်က စံချိန်တင်သေဆုံးခဲ့ရသော အရေအတွက်ထက် ကျော်လွန်ခဲ့သည်။ ထို့အပြင် အဆိုပါ နှစ်ရက်ပေါင်း သေဆုံးခဲ့ရသူ အရေအတွက်သည် စုစုပေါင်းသေဆုံးခဲ့ရသူ ၅၄၀ ကျော်၏ ထက်ဝက်နီးပါး (၄၇ ရာခိုင်နှုန်း) ရှိခဲ့ပါသည်။





ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၄)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၁ ရက်အထိ)

### သေဆုံးခဲ့ရသော အသက်အုပ်စု




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၅၄၃ ဦးကျော်အနက် အသက် အတိအကျသိရှိရသူ ၄၁၅ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ အသက်အုပ်စုအလိုက် သေဆုံးရသူအရေအတွက် သိသိသာသာ ပိုများလာခဲ့သည်။ ယခင်တပတ်ကသေဆုံးခဲ့ရသည့်အရေအတွက်နှင့်နှိုင်းယှဉ်ပါက (**အလေးထားရမည့်အကြောင်းအချက်များ အမှတ်-၁၃ ကိုရှု**) အသက် ၁၈ နှစ်မှ ၃၀ အကြား သေဆုံးရသူ အရေအတွက်မှာလည်း ၈၀ ဦးခန့် ပိုများလာသည်။ အသက် အတိအကျမသိရသူ ၁၂၈ ဦး ရှိပါသည်။

ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၄)

အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၁ ရက်အထိ)

### ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်

**၈၀+**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၅၄၃ ဦးကျော်အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၈၀ ဦးထက်မနည်း ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၂၅ ရက်အတွင်း သေဆုံးခဲ့ရသူ ၃၂၀ ကျော်အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၅၉ ဦးကျော် (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၃ ကိုရှု**) ရှိခဲ့ရာမှ ယခု ၈၀ ဦးကျော် ဖြစ်လာခဲ့သဖြင့် လေးပုံတပုံ တိုးလာခြင်းဖြစ်သည်။ သေဆုံးခဲ့ရသူများအနက် ၁၅ ရာခိုင်နှုန်းမှာ ဦးခေါင်းပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့ရသူများ ဖြစ်ခဲ့သည်။


ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၄)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၁ ရက်အထိ)

■ **သေဆုံးခဲ့သော ကျား၊ မ အရေအတွက်**





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၅၄၃ ကျော်အနက် (ကျား-မ အတိအကျသိရှိရသော စာရင်းများအရ) ၄၈၆ ဦးသည် အမျိုးသားများဖြစ်ပြီး ၃၆ ဦးမှာ အမျိုးသမီးများဖြစ်သည်။ ကျန် ၂၁ ဦးမှာ အတိအကျ မသိရှိရသေးပေ။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၄)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၁ ရက်အထိ)

■ သေဆုံးခဲ့ရသော ဒေသများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၅၄၃ ဦးကျော် အနက် မည်သည့်ဒေသများ၌ အများဆုံး သေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်သည်။ ယခုစာရင်းတွင် မပါဝင်ဘဲ ကျန်ရှိမှုများရှိနိုင်ပါသည်။

ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။